http://www.dhammadownload.com

# အရှင်ဇနကာဘိဝံသ

ရွှေပါရမီတောရ

## ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်



http://www.dhammadownload.com

ဓမ္မဒါနကုသိုလ်ရှင်

http://www.dhammadownload.com

မွေစကား။ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

.................သို့

အမှတ်တရဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

---

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

---

http://www.dhammadownload.com

# အရဟံဂုဏ်တော်

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

---

စာမူခွင့်ပြုချက် - ၃၂၀၇၈၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၇၇၀၅၀၂

မျက်နှာဖုံးပန်းချီ - နေဝင်းအောင်

<u>မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။


<u>ထုတ်ဝေသူ</u>

တက်လမ်း ဦးရှိန်ဝင်း(၇၃၅)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉-အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဓမ္မဒါန

http://www.dhammadownload.com



# အနှိုင်းမဲ့အလှူ (၂)

အလှူအားလုံးကို သဘောတူရာ ပေါင်းစုလိုက်ရင် ပစ္စည်းအလှူနဲ့ တရားအလှူလို့ အလှူနှစ်မျိုးပဲ ရှိပါတယ်။ အဲဒီနှစ်မျိုးထဲမှာ ပစ္စည်းအလှူထက် တရားအလှူက ပိုမြတ်တဲ့အတွက် တရားအလှူဟာ အလှူအားလုံးထဲမှာ အမြတ်ဆုံးအလှူ အနှိုင်းမဲ့အလှူပါ။ (အနှိုင်းမဲ့အလှူ (၁)မှာ ရေးခဲ့ပြီးပါပြီ။)

တရားအလှူကို တစ်ပိုင်းတစ်ကဏ္ဍထားပြီး . . . ပစ္စည်းအလှူသက်သက်ကိုပဲ ခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မယ်ဆိုရင်တော့ . . .

လောကမှာ ရှိရှိသမျှ ပစ္စည်းအလှူအားလုံးထဲမှာ

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

သံဃိကကျောင်းအလှူဟာ အနိုင်းမဲ့အလှူ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ သံဃိကကျောင်းအလှူထက်ပိုပြီး အလှူခံပုဂ္ဂိုလ်ကို အကျိုးကြီးစေပါတယ်၊ အလှူပေးပုဂ္ဂိုလ်ကို ကုသိုလ်တိုးစေပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားပစ္စည်းအလှူ မရှိတော့လို့ပါပဲ။

သံဃိကကျောင်းအလှူနဲ့ လဲလှယ်သင့်၊ လဲလှယ်ထိုက်တဲ့ တခြားပစ္စည်းအလှူ လောကမှာ မရှိတော့တဲ့အတွက် သံဃိကကျောင်းအလှူဟာ အနိုင်းမဲ့အလှူ ဖြစ်ရပါတယ်။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက နတ်သားတစ်ပါးက. . .

'ဘယ်အရာကို ပေးလှူတဲ့သူဟာ ခွန်အားကို ပေးလှူရာရောက်ပါသလဲ၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ အဆင်းကို ပေးလှူရာရောက်ပါသလဲ၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ ချမ်းသာသုခကို ပေးလှူရာ ရောက်ပါသလဲ၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ မျက်စိအမြင်ဓာတ်ကို ပေးလှူရာရောက်ပါသလဲ၊ ဘယ်အရာကို ပေးလှူတဲ့သူဟာ

http://www.dhammadownload.com



ကောင်းကျိုးအားလုံးကို ပေးလှူရာရောက်ပါသလဲ'

လို့မေးလျှောက်တော့ မြတ်စွာဘုရားရှင်က . .

'အစားအစာကို ပေးလှူတဲ့သူဟာ ခွန်အားကို ပေးလှူရာ ရောက်ပါတယ်၊ အဝတ်အထည်ကို ပေးလှူတဲ့သူဟာ အဆင်းကို ပေးလှူရာရောက်ပါတယ်၊ ဆီမီး အလင်းရောင်ကို ပေးလှူတဲ့သူဟာ မျက်စိအမြင်ဓာတ်ကို ပေးလှူရာရောက်ပါတယ်၊ အိမ်ကျောင်းအဆောက်အအုံကို ပေးလှူတဲ့သူဟာ ကောင်းကျိုးအားလုံးကို ပေးလှူရာ ရောက်ပါတယ်'

လို့ ဖြေကြားတော်မူခဲ့ပါတယ်။

အစားအစာအလှူက အလှူခံပုဂ္ဂိုလ်ကို ခွန်အား ပြည့်ဖြိုးစေသလို အဝတ်အထည်အလှူက အလှူခံပုဂ္ဂိုလ်ကို ရုပ်အဆင်းလှပတင့်တယ်စေပါတယ်။ စီးစရာယာဉ်အလှူက အလှူခံပုဂ္ဂိုလ်ကို ခရီးသွားလာတဲ့အခါ ချမ်းသာသုခဖြစ်စေသလို၊ ဆီမီး၊ ဓာတ်မီး၊ လျှပ်စစ်မီး စတဲ့ အလင်းရောင်အလှူက အလှူခံပုဂ္ဂိုလ်ကို မြင်သင့်မြင်ထိုက်တာတွေ ပြတ်ပြတ်သားသား မြင်တွေ့စေနိုင်ပါတယ်။

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း စတဲ့ အဆောက်အအုံအလှူကတော့ အလှူခံပုဂ္ဂိုလ်ကို ခွန်အားလည်း ပြည့်ဖြိုးစေသလို ရုပ်အဆင်းလည်း လှပတင့်တယ်စေပါတယ်။ ချမ်းသာသုခလည်း ဖြစ်ပွားစေသလို မျက်စိအမြင်ဓာတ်လည်း အားကောင်းစေပါတယ်။ ရှေ့အလှူလေးမျိုးကြောင့် ရရှိနိုင်တဲ့ ကောင်းကျိုးလေးမျိုးလုံးကို အလှူတစ်မျိုးတည်းနဲ့ ရရှိစေနိုင်တာ ကျောင်းအလှူပါ။ (အနှိုင်းမဲ့အလှူ(၁)မှာ အကျယ်ရှုပါ။)

မေးခွန်းရှင်နတ်သားက ကောင်းကျိုးလေးမျိုးကိုပဲ ရှေ့ကခံပြီး မေးလို့သာ ကျောင်းလှူရင် ကောင်းကျိုးလေးမျိုးလုံး လှူရာရောက်တယ်လို့ ထင်ရပေမယ့် တကယ်တမ်းကတော့ ကျောင်းလှူရင် ကောင်းကျိုးချမ်းသာ အားလုံး လှူရာရောက်ပါတယ်။

နတ်သားက ကောင်းကျိုးအမျိုးတစ်ရာ ရှေ့ကခံပြီးမေးရင် ကျောင်းအလှူက ကောင်းကျိုးအမျိုးတစ်ရာကို လှူရာရောက်ပါလိမ့်မယ်။ နတ်သားက ကောင်းကျိုးအမျိုးတစ်ထောင် ရှေ့ကခံပြီးမေးရင် ကျောင်းအလှူက ကောင်း

http://www.dhammadownload.com

## အနှိုင်းမဲ့အလှူ (၂)

ကျိုးအမျိုးတစ်ထောင်ကို လှူရာရောက်ပါလိမ့်မယ်။ နတ်သားက ကောင်းကျိုးအမျိုးအနန္တ ရှေ့ကခံပြီး မေးရင် ကျောင်းအလှူက ကောင်းကျိုးအမျိုးအနန္တကို လှူရာရောက်ပါလိမ့်မယ်။

'သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ - ကျောင်းလှူတဲ့သူဟာ ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်ပါတယ်' ဆိုတဲ့ ဗုဒ္ဓစကားတော်ဟာ နတ်သားတိုက်ရိုက်မေးတဲ့ ကောင်းကျိုးလေးမျိုးတည်းကိုသာ ရည်ရွယ်တာ မဟုတ်ပါဘူး။ ရှိရှိသမျှ လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး၊ ကောင်းကျိုးအားလုံးကို ရည်ရွယ်ပါတယ်။

နေထိုင်စရာ အဆောက်အအုံတွေအားလုံးထဲမှာ ရဟန်းသံဃာတော်တွေ သီတင်းသုံးတဲ့ကျောင်းက အမြတ်ဆုံးဖြစ်လို့သာ 'ကျောင်းလှူတဲ့သူဟာ' လို့ အထွတ်အထိပ်ကိုင်ပြောထားပေမယ့် ဇရပ်၊ တန် ဆောင်း၊ အိမ်၊ ကျောင်း၊ လိုဏ်ဂူ၊ မဏ္ဍပ် .... စတဲ့ နေထိုင်စရာ၊ ခိုနားစရာ အဆောက်အအုံမှန်သမျှ ဘာပဲလှူလှူ 'ကျောင်းအလှူ'

http://www.dhammadownload.com



ဆိုတဲ့အထဲ အကျုံးဝင်ပါတယ်။ ဘာအဆောက်အအုံပဲ လှူလှူ ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်ပါတယ်။

ရန်ကုန်မှာ အလုပ်လာလုပ်ချင်တဲ့ နယ်ကလူပျို လူလွတ်တစ်ယောက်အတွက် ရန်ကုန်မှာ တိုက်ခန်းတစ်ခန်း ငှားရမ်းပေးထားတယ် ဆိုပါတော့။ တိုက်ခန်းငှားရမ်းခကို ကိုယ်က မေတ္တာစေတနာ အပြည့်အဝနဲ့ အကုန်အကျခံ လှူဒါန်းတယ်ဆိုရင် အဲဒီတိုက်ခန်းဟာ ငှားရမ်းသက်တမ်း မကုန်မချင်း ကိုယ်လှူတဲ့တိုက်ခန်းပါပဲ။ အဆောက်အအုံအလှူ ဖြစ်သွားပါတယ်။

ကိုယ်လှူလိုက်တဲ့ တိုက်ခန်းမှာ နေရင်း အလုပ်လုပ်လို့ရလာတဲ့ သူ့စီးပွားဥစ္စာတွေဟာ ကိုယ်လှူလိုက်တဲ့ စီးပွားဥစ္စာတွေပါ။ ကိုယ်လှူလိုက်တဲ့ တိုက်ခန်းမှာနေရင်း တိုးပွားလာတဲ့ သူ့မိတ်ကောင်းဆွေကောင်းတွေဟာ ကိုယ်လှူလိုက်တဲ့ မိတ်ကောင်းဆွေကောင်းတွေပါ။ ကိုယ်လှူလိုက်တဲ့ တိုက်ခန်းမှာနေရင်း ဖူးစာဆုံတဲ့ သူ့ဘဝကြင်ဖော်ဟာ ကိုယ်လှူလိုက်တဲ့ ဘဝကြင်ဖော်ပါ။ (ဘုရားရေ . . .

http://www.dhammadownload.com

## အနိုင်းမဲ့အလှူ (၂)

အဆောက်အအုံအလှူက ဘ၀ကြွင်ဖော်အလှူထိအောင် အလှူဆက်စေနိုင်ပါသတဲ့လား. . . .။)

ကိုယ်လှူလိုက်တဲ့ တိုက်ခန်းထက် ပိုအဆင့်မြင့်တဲ့ တိုက်ခန်း၊ သို့မဟုတ် လုံးချင်းအိမ်ကို သူ့ရဲ့ကိုယ်ပိုင်ပိုက်ဆံနဲ့ ငှားရမ်းနိုင်၊ သို့မဟုတ် အပြီးအပြတ်ဝယ်ယူနိုင်သွားပြီဆိုရင်လည်း အဲဒီတိုက်ခန်း၊ အဲဒီလုံးချင်းအိမ်ဟာ ကိုယ်လှူလိုက်တဲ့ တိုက်ခန်း၊ ကိုယ်လှူလိုက်တဲ့ လုံးချင်းအိမ်ပါပဲ။

ကိုယ်လှူလိုက်တဲ့ တိုက်ခန်းကနေ စတင်သန္ဓေတည်ပြီး ပေါ်ပေါက်တိုးပွားလာတဲ့ ကောင်းကျိုးချမ်းသာ အဆက်ဆက်ဟာ ကိုယ့်ရဲ့ အလှူဝေ့ချည်းပဲလို့ ဉာဏ်ဖြန့်နှလုံးသွင်းနိုင်ပါတယ်။ ကိုယ်ကသာ သူ့ကို ရန်ကုန်မှာ နေရာလေးတစ်ခု စတင်ဖန်တီးမပေးခဲ့ရင် သူ့ဘ၀ ဒီလို တိုးတက်လာမှာမှ မဟုတ်တာ။ သူ့ဘ၀ အခုလိုခိုင်သွားတာ ကိုယ့်ရဲ့ အိမ်အလှူကြောင့်ပါ။ သူ့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ လည်း ပါတာပေ့ါလေ။

အိမ်လခ မပေးနိုင်သူအတွက် အိမ်လခ ခေတ္တစိုက်ပေးတာ (အတိုးမဲ့)၊ ဒါမှမဟုတ် ကိုယ်နိုင်သလောက်

http://www.dhammadownload.com



ဘယ်နှလစာဆိုပြီး အပြီးလှူလိုက်တာ၊ အပေါင်ဆုံးတော့ မယ့်အိမ်ကို ခေတ္တစိုက်၊ သို့မဟုတ် အပြီးလှူ ကူရွေးပေးတာ၊ ကိုယ်ပိုင်ဆိုင်တဲ့ အိမ်အလွတ်၊ အခန်းအလွတ်တွေမှာ ခေတ္တခဏ နေခွင့်ပေးတာ၊ ရပ်ဝေးရပ်နီးဧည့်သည်ကို အိမ်မှာ တည်းခိုခွင့်ပေးတာ စသည်အားဖြင့်. . . . ဒါတွေအားလုံးဟာ မေတ္တာစေတနာသန့်သန့်နဲ့ ကူညီခဲ့ရင် အိမ်အလှူဖြစ်သွားပါတယ်။ ဥပဿယဒါန - အဆောက်အအုံအလှူ အာဝါသဒါန - နေရာအလှူပေါ့။ အလှူခံပုဂ္ဂိုလ်ကို ကောင်းကျိုးချမ်းသာအားလုံး လှူရာရောက်ပါတယ်။ ပစ္စည်းအလှူတွေထဲမှာတော့ အမြတ်ဆုံးအလှူ အနှိုင်းမဲ့အလှူပါပဲ။

မလွှဲသာလို့ အိမ်မှာလာတည်းတဲ့ဧည့်သည်ကို 'ငါ့အိမ်ကို တည်းခိုခန်းများ မှတ်နေလားမသိဘူး' ဆိုပြီး မကျေမနပ်နဲ့ ဒေါသထွက်နေမယ်ဆိုရင်တော့ 'နေရာအလှူ' ကုသိုလ်မဖြစ်ဘဲ 'သေရာအပူ' အကုသိုလ်ပဲ ဖြစ်ပါလိမ့်မယ်။ လူတကာကို တည်းခိုခွင့်ပေးရမယ်လို့တော့ မဆိုလိုပါဘူး။ မကင်းရာမကင်းကြောင်း မလွှဲမရှောင်သာ ပတ်

http://www.dhammadownload.com

## အနှိုင်းမဲ့အလှူ (၂)

သက်လာခဲ့ရင် စိတ်ထားတတ်ဖို့ ပြောတာပါ။

လူဝတ်ကြောင်တစ်ယောက်ကို အိမ်လှူတာတောင် အလှူခံပုဂ္ဂိုလ်မှာ ဒီလောက်အကျိုးများရင် ရဟန်းသံဃာတော်တွေကို ကျောင်းလှူတာ ရဟန်းသံဃာတော်တွေအတွက် ဘယ်လောက်တောင် အကျိုးများလိုက်မလဲဆိုတာ သာမန်ဉာဏ်နဲ့ တွေးကြည့်လို့တောင် မရနိုင်ပါဘူး။ ဆွမ်း၊ သင်္ကန်း၊ ဆေးဝါး၊ အသုံးအဆောင်၊ အပ်စပ်ရာပစ္စည်းလေးပါး၊ ပရိယတ္တိဗဟုသုတ၊ ဈာန်အဘိညာဉ်၊ ဝိပဿနာဉာဏ် စတဲ့ လောကီ ကောင်းကျိုးတွေ၊ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ ကောင်းကျိုးတွေ၊ ကိုယ့်ရဲ့ကျောင်းအလှူကြောင့် ကျောင်းအလှူခံရဟန်းသံဃာတော်တွေမှာ လောကီကောင်းကျိုးအမျိုးမျိုး၊ လောကုတ္တရာ ကောင်းကျိုးအမျိုးမျိုး ပွားတိုးရရှိနိုင်ပါတယ်။

ဝေလာမသုတ္တန်မှာ မြတ်စွာဘုရားရှင်က . . . .

'ပုထုဇဉ်လူသား ထောင်သောင်းများစွာကို ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်၊ ငွေခွက်ပေါင်း ရှစ်

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

သောင်းလေးထောင်. . . စတဲ့ အဆင့်မြင့်လှူဖွယ်ဝတ္ထု မျိုးစုံ ရှစ်သောင်းလေးထောင်စီအပါအဝင် စားဖွယ်၊ သောက်ဖွယ်တွေ မြစ်ချောင်းစီးအောင် လှူဒါန်းရတဲ့ အလှူ ဒါနကြီးထက် သောတာပန်တစ်ယောက်ကို ထမင်းတစ်နပ် ကျွေးရတဲ့အလှူက ပိုပြီး အကျိုးကြီးပါတယ်။

'သောတာပန် အယောက်တစ်ရာကို ထမင်းတစ် နပ်ကျွေးရတဲ့ အလှူထက် သကဒါဂါမ်တစ်ယောက်ကို ထမင်းတစ်နပ်ကျွေးရတဲ့အလှူက ပိုပြီးအကျိုးကြီးပါတယ်။

'သကဒါဂါမ် အယောက်တစ်ရာကို ထမင်းတစ် နပ်ကျွေးရတဲ့ အလှူထက် အနာဂါမ်တစ်ယောက်ကို၊ အနာ ဂါမ်အယောက်တစ်ရာကို ထမင်းတစ်နပ်ကျွေးရတဲ့အလှူ ထက် ရဟန္တာတစ်ယောက်ကို. . .၊ ရဟန္တာ အယောက် တစ်ရာကို ထမင်းတစ်နပ်ကျွေးရတဲ့ အလှူထက် ပစ္စေက ဗုဒ္ဓါတစ်ပါးကို. ၊ ပစ္စေကဗုဒ္ဓါ အပါးတစ်ရာကို ဆွမ်း တစ်နပ်ကျွေးရတဲ့ အလှူထက် သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူ ကို. . . .၊ သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူကို ဆွမ်းတစ်နပ် ကပ် ရတဲ့အလှူထက် ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်ကို

http://www.dhammadownload.com

## အနှိုင်းမဲ့အလှူ (၂)

ဆွမ်းတစ်နပ်ကပ်ရတဲ့အလှူက ပိုပြီးအကျိုးကြီးပါတယ်။

'ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်ကို ဆွမ်းတစ်နပ်ကပ်ရတဲ့အလှူထက် အရပ်လေးမျက်နှာကရောက်လာသမျှ သံဃာတော်အပေါင်းကို ရည်စူးပြီး ကျောင်းဆောက်လှူရတဲ့အလှူက ပိုပြီးအကျိုးကြီးပါတယ်'

လို့ အလှူအဆင့်ဆင့် အကျိုးပေးမြင့်သွားပုံကို နှိုင်းယှဉ် ဟောပြထားပါတယ်။ ပစ္စည်းအလှူအားလုံးထဲမှာ 'သံဃိကကျောင်းအလှူ' ဟာ အကျိုးပေးအကြီးကျယ်ဆုံး၊ အဆင့်အတန်းအမြင့်မားဆုံးလို့ ဆိုလိုတာပါ။

'သံဃိကကျောင်းအလှူ' လို့ စကားလုံးကျဉ်းကျဉ်းနဲ့ မှတ်သားရလွယ်အောင် ပြောလိုက်ပေမယ့် အပြည့်အစုံကတော့ 'စာတုဒ္ဒိသ သံဃိက ကျောင်းအလှူ' ပါ။ 'အရပ်လေးမျက်နှာက ရောက်လာကြမယ့် အယုတ်၊ အလတ်၊ အမြတ်မရွေး ရဟန်းသံဃာအားလုံးနဲ့ သက်ဆိုင်တဲ့ကျောင်း' လို့ ဆိုလိုပါတယ်။

အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာက ရောက်လာပြီး၊ ရောက်လာဆဲ၊ ရောက်လာလတ္တံ့ ရဟန်းသံဃာ

http://www.dhammadownload.com



အားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဘုရားရှင်လက်ထက်က တည်းကရှိခဲ့တဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန် ကစလို့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ ကာလသုံးပါးလုံးမှာ ရှိခဲ့ပြီး၊ ရှိနေဆဲ၊ ရှိလာလတ္တံ့ အရိယာသံဃာတော်များအားလုံး၊ ပုထုဇဉ် သံဃာတော်များအားလုံးဟာ 'စာတုဒ္ဒိသ သံဃိက ကျောင်းအလှူ' ရဲ့ အလှူခံပုဂ္ဂိုလ်တွေချည်းပါပဲ။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ကို ရည်စူးတဲ့ ပုဂ္ဂလိက အလှူထက် ရဟန်းသံဃာအားလုံးကို ရည်စူးတဲ့ သံဃိကအလှူက အလှူခံ ပိုမြင့်မြတ်ပြီး ပိုအကျိုးကြီးတဲ့အတွက်ကြောင့်ရော၊ အလှူခံ ရဟန်းသံဃာတော်တွေကို ပစ္စည်းလေးပါး၊ ထင်ရှားကျော်ကြားမှု၊ ပရိယတ္တိ ဗဟုသုတ၊ စျာန်၊ အဘိညာဉ်၊ ဝိပဿနာဉာဏ်၊ မဂ်ဖိုလ်နိဗ္ဗာန်. . . . စတဲ့ လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာအားလုံး လှူလိုက်ရာ ရောက်တဲ့အတွက်ကြောင့်ပါ 'သံဃိကကျောင်းအလှူ' ဟာ ပစ္စည်းအလှူ အားလုံးထဲမှာ အမြတ်ဆုံးအလှူ၊ အနိုင်းမဲ့အလှူ ဖြစ်ရပါတယ်။ ဒါက

http://www.dhammadownload.com

## အနှိုင်းမဲ့အလှူ (၂)

အလှူခံပုဂ္ဂိုလ်ဘက်ရှုထောင့်ကနေ အနှိုင်းမဲ့ဖြစ်ပုံပါ။

အလှူပေးပုဂ္ဂိုလ်ဘက်ရှုထောင့်က ကြည့်မယ်ဆိုရင်လည်း ကိုယ့်ကျောင်းအလှူကို ကိုယ်ပြန်သတိရတိုင်း ကိုယ့်လှူဖွယ်ဝတ္ထုက လောလောဆယ်ဆယ်မှာလည်း ထင်ရှားရှိနေတာမို့ တခြားအလှူတွေနဲ့ မတူတဲ့ ကုသိုလ်စေတနာအသစ်အသစ်တွေ တစ်ရစ်ပြီးတစ်ရစ် ထပ်ထပ်တိုးနေတဲ့အတွက် အနှိုင်းမဲ့ဖြစ်နေပြန်ပါတယ်။

ရဟန်းသံဃာကို ဒီနေ့ဆွမ်းကပ်လိုက်ရင် မနက်ဖြန်မှာ အဲဒီ ဆွမ်းက မစင်ကျင်ကြီးအဖြစ် ပြောင်းလဲသွားပြီး မနက်ဖြန်မှာ လှူဖွယ်ဝတ္ထု ထင်ရှားမရှိတော့ပါဘူး။ သင်္ကန်းကပ်လိုက်ရင်လည်း အဲဒီသင်္ကန်းက သိပ်မကြာခင်ကာလမှာပဲ ဟောင်းနွမ်းပျက်စီးသွားမှာမို့ ကိုယ်သတိရတဲ့အချိန်မှာ လှူဖွယ်ဝတ္ထု ထင်ရှားရှိချင်မှ ရှိတော့မှာပါ။ တခြား ဘယ်လှူဖွယ်ဝတ္ထုမဆို သိပ်ကြာကြာ အသုံးမခံတဲ့အတွက် ကိုယ်ပြန်သတိရတဲ့အချိန် လောလောဆယ်မှာတော့ လှူဖွယ်ဝတ္ထု ထင်ရှားမရှိတော့ဖို့က များပါတယ်။

'ကျောင်း' ဆိုတဲ့ လှူဖွယ်ဝတ္ထုကတော့ အဲဒီလိုမျိုး

http://www.dhammadownload.com



အလွယ်တကူ ပျောက်ပျက်မသွားနိုင်ပါဘူး။ မြေကြီးထဲမှာ အခိုင်အမာ စိုက်ထူထားတာမို့ အချိန်ကာလကြာမြင့်စွာ မြဲမြဲတည်တံ့နိုင်ပါတယ်။ ကိုယ် ဘယ်အချိန်ပဲ သတိရ သတိရ၊ သတိရလိုက်တဲ့အချိန်တိုင်းမှာ ကိုယ်လှူထားတဲ့ ကျောင်းတည်းဟူသော လှူဖွယ်ဝတ္ထုက လောလောဆယ် ထင်ရှားရှိနေတဲ့အတွက် 'ကျောင်းအလှူ လှူပါတယ်၊ ကျောင်းအသုံးပြုနေတဲ့ ပုဂ္ဂိုလ်အားလုံး အစစအရာရာ အဆင်ပြေကြပါစေ၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိကြပါစေ' လို့ ထပ်တလဲလဲ နှလုံးသွင်းရင်း ကုသိုလ် စေတနာ အသစ်အသစ်တွေ၊ ကုသိုလ်ပီတိ အသစ်အသစ်တွေ တစ်ရစ်ပြီးတစ်ရစ် တိုးပွားလာနိုင်ပါတယ်။

ဒါကြောင့် ကျောင်းအလှူကို 'ထာဝရဒါန - ခိုင်မြဲတဲ့အလှူ ခိုင်မာတဲ့အလှူ' လို့ ခေါ်ပါတယ်။ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းလှူတာထက် မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း လှူတာက ပိုပြီး ခိုင်မာတာပေါ့။ ဘဏ်တွေမှာ ငွေချေးမယ်ဆိုရင်တောင် မရွှေ့မပြောင်းနိုင်တဲ့ အိမ်၊ ခြံ၊ တိုက်၊ တိုက်ခန်းတွေကို အပေါင်အနှံထားရတာပဲ မဟုတ်လား။

http://www.dhammadownload.com

## အနိုင်းမဲ့အလှူ (၂)

အကျိုးပေး 'ခိုင်' ချင်ရင် အကြောင်းကံ 'ခိုင်' ဖို့ လိုအပ်ပါတယ်။ ကောင်းအလှူဟာ 'ခိုင်' တဲ့ပစ္စည်း လှူတာမို့ အကြောင်းကံ 'ခိုင်' တဲ့အလှူပါ။ အလှူ 'ခိုင်' မှတော့ ဘဝ 'ခိုင်' ပြီပေါ့။ ဘဝ 'ခိုင်' ချင်သူတိုင်း အလှူ 'ခိုင်'အောင် ကြိုးစားကြရပါမယ်။ အလှူ 'ခိုင်' ဖို့ကတော့ ကျောင်းဆောက်လှူရုံပါပဲ။

လွန်ခဲ့တဲ့ ကိုးဆယ့်တစ်ကမ္ဘာ၊ ဝိပဿီဘုရားရှင် လက်ထက်တုန်းက ဗန္ဓုမတီမြို့မှာ 'ကိုနေဇာ' ဆိုတဲ့ သူဆင်းရဲတစ်ဦးရှိခဲ့ဖူးပါတယ်။ သူတစ်ပါးခိုင်းသမျှ လုပ်ပြီး သူတစ်ပါးကျွေးသမျှ စားနေရတဲ့ သူတစ်ပါးအိမ်မှာ မှီခို ကပ်ရပ်နေရသူ၊ သူတစ်ပါးရဲ့အမှုလုပ် အစေအပါးတစ်ဦး ပါ။

တစ်နေ့တော့ ဆိတ်ငြိမ်ရာနေရာတစ်ခုမှာ အေး အေးဆေးဆေး ထိုင်ရင်း ကိုနေဇာ ကိုယ့်ဘဝကိုယ် ဆင် ခြင်သုံးသပ်နေမိပါတယ်။

'ဩော် . . . ငါ့မလဲ (ငါ့မှာလည်း) ဆင်းရဲလိုက် တာလွန်ရော . . .၊ လောကမှာ ဘုရားပွင့်နေတာတောင်

http://www.dhammadownload.com



ဘာကုသိုလ်မှ မည်မည်ရရ မလုပ်နိုင်သေးဘူး၊ ဒီအတိုင်းသာ ကုသိုလ်လက်မဲ့နဲ့ သေသွားမယ်ဆိုရင် အပါယ်လေးပါးလားရောက်ရုံပဲရှိတယ်၊ ကုသိုလ်မရှိသူတွေရဲ့ သွားရာလမ်းဟာ အပါယ်ငရဲကလွဲလို့ ဘာမှမရှိဘူးလေ'

'ဒီအတိုင်း ကုသိုလ်လက်မဲ့နဲ့ နေလို့တော့ မဖြစ်သေးပါဘူး၊ ဘဝလမ်းကြောင်း ကောင်းအောင် သုတ်သင်ရှင်းလင်းဦးမှပါ၊ ဒီအချိန်မှ ကုသိုလ်မလုပ် ဘယ်အချိန်သွားလုပ်မလဲ၊ ဘုရားပွင့်နေတဲ့ အခွင့်ကောင်း အခါကောင်းကို အကောင်းဆုံး အသုံးချမှဖြစ်မယ် '

'မရှိလို့ မလှူ မလှူလို့ မရှိဆိုရင် မရှိသံသရာကြီး ဘယ်တော့မှ လည်ပတ်လို့ ဆုံးမှာမဟုတ်တော့ဘူး၊ မရှိတဲ့ကြားထဲကပဲ အကောင်းဆုံး အလှူတစ်ခုတော့ ပြုဖြစ်အောင် ပြုဦးမှ'

'သူများတွေလို ခဏခဏလည်း လှူနိုင်တာမဟုတ်တော့ တစ်ခါလှူရုံနဲ့ တစ်သက်လုံး ခိုင်မြဲနေတဲ့အလှူလှူမှဖြစ်မယ်၊ တစ်သက်လုံး ခိုင်တဲ့အလှူ . . . ဘာအလှူများပါလိမ့်'

http://www.dhammadownload.com

## အနိုင်းမဲ့အလှူ (၂)

'အင်း . . . ဟုတ်ပြီ . . . ဟုတ်ပြီ . . .၊ တစ်သက်လုံးခိုင်တဲ့ အလှူဟာ ကျောင်းအလှူလို့ ဘုရားဟောတာ ငါကြားဖူးတယ် . . .၊ ငါ ကျောင်းဆောက်မယ် . . .၊ ငါ ကျောင်းအလှူ လှူမယ် . . .၊ ငါ ကျောင်းဆောက်မယ် . . .၊ ငါ ကျောင်းအလှူ လှူမယ်'

အသပြာချို့တဲ့ပေမယ့် သဒ္ဓါမချို့တဲ့တဲ့ ကိုနေဇာ၊ အရှိဆင်းရဲပေမယ့် အသိမဆင်းရဲတဲ့ ကိုနေဇာ၊ တစ်ကြိမ်လှူရုံနဲ့ တစ်သက်လုံး ခိုင်နေမယ့် တစ်ကွက်ကောင်းအလှူကို အတိအကျ ရွေးချယ်နိုင်ခဲ့ပါတယ်။ ခုခေတ်စကားနဲ့ဆိုရင်တော့ 'တစ်လုံးအပိုင်' ဖမ်းနိုင်ခဲ့တယ် လို့ပဲ ပြောရလိမ့်မယ်ထင်ပါရဲ့။

ငွေကြေးတစ်ပြားတစ်ချပ်မှ မရှိပေမယ့် ကျောင်းအလှူကိုမှ လှူချင်တဲ့ ကိုနေဇာ . . . အလုပ်ရှင်ထံ ခွင့်တစ်ရက်တောင်းပြီး ဓားတစ်ချောင်းနဲ့ တောထဲထွက်လာခဲ့ပါတယ်။ ကျောင်းတိုင်အတွက် သစ်ပင်သုံးပင်ခုတ်၊ ကျောင်းအခင်းအတွက် ဝါးတွေ၊ နွယ်တွေဖြတ်၊ ကျောင်းအကာနဲ့ အမိုးအတွက် သစ်ရွက်တွေ၊ မြက်တွေ ခူးပြီး

http://www.dhammadownload.com

## အရှင်ဆန္နာစိက

တောရကျောင်းတစ်ခုမှာ မြက်မိုးသက်ရွက်ကာ သုံးတိုင်ဇင် ကျောင်းလေး နေ့ချင်းပြီး ဆောက်လုပ်လိုက်ပါတယ်။

'အရပ်လေးမျက်နှာက ရောက်လာကြမယ့် သံဃာတော် အရှင်မြတ်အပေါင်းအား လှူဒါန်းပါတယ်၊ ဤကျောင်းမှာ သီတင်းသုံးပြီး ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်တော်မူနိုင်ကြပါစေ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူနိုင်ကြပါစေ' လို့ သံဃိက ရေစက်ချ လှူဒါန်းပြီး ကိုနေဇာ အလုပ်ရှင်ထံ ပြန်လာခဲ့ပါတယ်။ အဲဒီတစ်သက် အဲဒီကျောင်းအလှူတစ်ခုကလွဲလို့ ကိုနေဇာ ဘာမှမလှူဖြစ်တော့ပါဘူး။

ဒါပေမဲ့ တစ်ကွက်ကောင်းအလှူ တစ်လုံးအပိုင် အလှူဆိုတော့ သတိရတိုင်း အလှူအသစ်ထပ်ဖြစ်ပြီး ကိုနေဇာရဲ့ သန္တာန်မှာ ကုသိုလ်စိတ်တွေ အမြဲပွားနေပါတယ်။

ကုသိုလ်ပွားနေတဲ့ ကိုနေဇာ . . . သေလွန်တဲ့အခါ တာဝတိံသာနတ်ပြည်က ဘုံဆင့်တစ်ရာ (အထပ်ပေါင်းတစ်ရာ)ရှိတဲ့ ရွှေဗိမာန်ကြီးမှာ နတ်သားဖြစ်ခဲ့ရပါတယ်။

http://www.dhammadownload.com

## အနိုင်းမဲ့အလှူ (၂)

ဘဝဆက်တိုင်းလည်း ကုသိုလ်အသစ်အသစ်တွေ ပူဇွေးအောင် ထပ်မံပြုလုပ်နိုင်တဲ့အတွက် ကိုးဆယ့်တစ်ကမ္ဘာလုံး အပါယ်လေးပါး မလားရောက်ရဘဲ လူ့ပြည်၊ နတ်ပြည်၊ ကောင်းရာသုဂတိဘုံတွေမှာပဲ အဆင့်အတန်းမြင့်မြင့်၊ အထက်တန်းကျကျ ကျင်လည်ခဲ့ရပါတယ်။ အခု မြတ်စွာဘုရားရှင်လက်ထက်မှာ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးနဲ့တကွ ရဟန္တာဖြစ်ပြီး ဒုက္ခ ခပ်သိမ်း ချုပ်ငြိမ်းခဲ့ပါတယ်။

ဆရာတော်ဦးနေဇာ ပြန်ပြောင်းပြောပြတဲ့ ကျောင်းအလှူအကျိုးတွေထဲမှာ လူမင်းစည်းစိမ် အကြိမ်ကြိမ်၊ နတ်မင်းစည်းစိမ် ခဏခဏ ဆိုတဲ့ သမားရိုးကျ အကျိုးတွေအပြင် မြတ်နိုးဖွယ်ကောင်းတဲ့ ထူးခြားဆန်းကြယ်အကျိုးတွေ ပါလာပါတယ်။

'ကောင်းရာလားရောက်၊ ဗိမာန်ပေါက်၍၊ လန့်ကြောက်ကင်းစွာ၊ သားရဲခွာလျက်၊ အိပ်မက်ကောင်းမြင်၊ သတိထင်သည်၊ စံဝင် နိဗ္ဗာန်ကျောင်းကျိုးတည်း' . . . . တဲ့။

http://www.dhammadownload.com

## အရှင်ဆန္နာမိက

'ကောင်းရာလားရောက်' . . . ကျောင်းအလှူရှင်ဟာ နိဗ္ဗာန် ရောက်တဲ့ဘဝတိုင်အောင် ဘဝတိုင်း ဘဝတိုင်း ကောင်းရာသုဂတိမှာပဲ ကျင်လည်ရပါတယ်။ တစ်ကြိမ်တစ်ခါ ကျောင်းလှူဖူးတဲ့ကုသိုလ်က ဘဝတိုင်း ဘဝတိုင်းရဲ့ သေခါနီးမှာ နိမိတ်လာထင်လို့ ကမ္ဘာပေါင်းများစွာ ကောင်းရာသုဂတိချည်း လားရောက်ရတာ မဟုတ်ပါဘူး။ ကျောင်းအလှူကြောင့်ရလာတဲ့ ကောင်းကျိုး ချမ်းသာတွေကို အသုံးပြုပြီး ကုသိုလ်အသစ်အသစ်တွေ ဘဝတိုင်း ထပ်ဆင့်ပြုလုပ်သွားနိုင်တဲ့အတွက် ဘဝတိုင်းရဲ့ စုတိစိတ်တိုင်းမှာ ယူစရာကုသိုလ်အာရုံ တစ်ခုမဟုတ် တစ်ခု ရှိသွားလို့ပါ။

'ဗိမာန်ပေါက်၍' . . . ကျောင်းအလှူရှင်ဟာ ဖြစ်လေရာဘဝတိုင်း အဆောက်အအုံကောင်းကောင်းနဲ့ နေရပါတယ်။ နတ်ဖြစ်လည်း နတ်ဗိမာန်ကောင်းကောင်း၊ လူဖြစ်လည်း လူဗိမာန်ကောင်းကောင်းပေါ့။ ကိုယ့်ကို မမွေးခင်ကတည်းက ကိုယ့်မိဘက အိမ်ဟောင်း၊ တိုက်ဟောင်းကိုဖျက်ပြီး နတ်ဗိမာန်တမျှ ခမ်းနားကြီးကျယ်တဲ့ အိမ်သစ်၊

http://www.dhammadownload.com



တိုက်သစ် ကြီးတင်ဆောက်လုပ်ပြီးသား ဖြစ်နေပါလိမ့်မယ်။

'လန့်ကြောက်ကင်းစွာ' . . . ကျောင်းအလှူရှင်ဟာ ကျောင်းအလှူအကျိုးပေးရာဘဝတိုင်း ကြောက်ရွံ့ခြင်း ကင်းတဲ့သူ၊ ရဲစွမ်းသတ္တိရှိတဲ့သူ ဖြစ်နိုင်ပါတယ်။ ဟင်းလင်းပြင်မှာနေတာထက် အဆောက်အအုံတွင်းမှာနေတာက ကြောက်စိတ်ပိုကင်းစေနိုင်တာမို့ ကျောင်းလှူခြင်းဖြင့် ကျောင်းနေပုဂ္ဂိုလ်ကို ကြောက်စိတ်ကင်းအောင် ပြုလုပ်ပေးရာရောက်တဲ့အတွက် တူသောအကျိုးပေးတာပါပဲ။ ကျောင်းတိုင်နဲ့ အမိုး၊ အကာ၊ အခင်းတွေ ခိုင်မာရင် ခိုင်မာသလောက် စိတ်ဓာတ်လည်း ပိုပြီး ခိုင်မာလာနိုင်ပါတယ်။ စိတ်ဓာတ်ခိုင်မာလေ၊ ကြောက်ရွံ့ခြင်း ကင်းရှင်းလေပါပဲ။

'သားရဲခွာလျက်' . . . ခြင်္သေ့၊ သစ်၊ ကျား စတဲ့ သားရဲ တိရစ္ဆာန်တွေ၊ မြွေ၊ ကင်းစတဲ့ အဆိပ်ရှိသတ္တဝါတွေ၊ မင်စာ၊ တစ္ဆေ၊ မြေဘုတ်၊ ဘီလူး၊ နဂါး၊ ကုမ္ဘဏ် စတဲ့ မကောင်းဆိုးဝါးတွေဟာ ကျောင်းအလှူ လှူခဲ့ဖူးသူရဲ့ ထံပါးကနေ ဝေးရာကို ပြေးခွာရှောင်ကွင်း သွားကြပါလိမ့်မယ်။ တကယ်လို့ ရှောင်ကွင်းမသွားခဲ့ရင်တောင်မှ ဘာမှ

http://www.dhammadownload.com



အန္တရာယ်မပြုနိုင်ပါဘူး။

'အိပ်မက်ကောင်းမြင်' . . . လို့ခြို့တဲ့ အဆောက်အအုံတစ်ခုဟာ နေထိုင်သူကို ဘဝအိပ်မက်၊ ပန်းအိပ်မက်တွေ စိတ်တိုင်းကျ မက်ခွင့်ရစေနိုင်တဲ့အတွက် ကျောင်းအလှူရှင်ဟာ ဖြစ်လေရာဘဝတိုင်း အိပ်မက် လှလှလေးတွေပဲ မြင်မက်ရပါတယ်။ အိပ်စက်နားနေချိန်မှာလည်း အိပ်မက်လှသလို နေ့စဉ် လက်တွေ့ဘဝရဲ့ စိတ်ကူးယဉ်အိပ်မက် (ဘဝမျှော်လင့်ချက်) တိုင်းဟာလည်း မျှော်လင့်ရင် မျှော်လင့်သလို ဖြစ်လာတတ်တဲ့အတွက် အချိန်တိုင်းမှာ အိပ်မက်လှနေပါတယ်။

'သတိထင်သည်' . . . အိမ်တစ်လုံး၊ ကျောင်းတစ်ဆောင်စတဲ့ အဆောက်အအုံတစ်ခုဟာ အလွယ်တကူမေ့ပျောက်သွားနိုင်တဲ့ လှူဖွယ်ဝတ္ထုမျိုးမဟုတ်တဲ့အတွက် အလှူရှင်ကလည်း လှူဖွယ်ဝတ္ထုကို အမြဲသတိရသလို အလှူခံပုဂ္ဂိုလ်အဆက်ဆက်ကလည်း အလှူရှင်ကို အမြဲသတိရနေတတ်ပါတယ်။ အကြာကြီးသတိရစရာ လှူဖွယ်ဝတ္ထုမျိုး ပေးလှူခဲ့တာမို့ ကျောင်းအလှူရှင်ဟာ အကျိုး

http://www.dhammadownload.com



ပေးရာဘဝတိုင်း သတိအား ကောင်းတဲ့သူ ဖြစ်ရပါတယ်။ မှတ်ဉာဏ်သတိအားကောင်းတဲ့အတွက် ပညာရေး၊ စီးပွား ရေးတွေမှာ အလွယ်တကူနဲ့ အောင်မြင်သလို အသက် ကြီးတဲ့အခါမှာလည်း ဘယ်တော့မှ သူငယ်မပြန်တော့ပါ ဘူး။

'စံဝင်နိဗ္ဗာန်' . . . ကျောင်းလှူကတည်းက 'ဒီ ကျောင်းအလှူဟာ နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်ပါစေ'၊ 'ဒီကျောင်းအလှူကြောင့် သံဃာတော်အရှင်မြတ်များ ထိုး ထွင်းသိတဲ့ သစ္စာလေးပါးတရားကို သိခွင့်ရပါစေ' လို့ ဆုတောင်းစိတ်ညွတ်ခဲ့တဲ့အတွက် နောက်ဆုံးပါရမီပြည့်တဲ့ ဘဝမှာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုပြီး ဆင်းရဲခပ် သိမ်း ချုပ်ပြတ်ငြိမ်းရပါတယ်။ နိဗ္ဗာန်ကို မရည်စူးဘဲ ကျောင်းလှူရင်တော့ နိဗ္ဗာန် မရောက်နိုင်ပါဘူး။

'ကျောင်းကျိုးတည်း' . . . ဒီအကျိုးခုနစ်မျိုးဟာ ကျောင်းအလှူကြောင့် ရရှိနိုင်တဲ့ အကျိုးတရားများစွာထဲ က အထူးနှစ်သက်ဖွယ်ကောင်းတဲ့ ဝိသေသအကျိုးတွေပါပဲ . . . ။

http://www.dhammadownload.com

## အရှင်ဆန္နာစိက

ကျောင်းလှူတယ်ဆိုတာ သူတစ်ပါးကို နေရာကောင်းတစ်ခုရအောင် ဖန်တီးပေးတာဖြစ်လို့ တုံ့ပြန်မှုနိယာမသဘောအရ ကိုယ့်ဘဝမှာလည်း နေရာကောင်းတွေနဲ့ချည်း တွေ့ကြုံဆုံစည်းရမှာ မလွဲပါဘူး။ ဘယ်လောက်ထိတောင် နေရာကောင်းလိုက်ပါသလဲဆိုရင် ကျောင်းအလှူ လှူဖူးတဲ့သူ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေတဲ့အခါ သူတကာတွေလို ကျဉ်းကျဉ်းကျုတ်ကျုတ် မနေရဘဲ ဆယ့်နှစ်တောင်တိုက်ခန်းထဲမှာ နေရသလို ချောင်ချောင်ချိချိ သက်သောင့်သက်သာ နေရပါသတဲ့ . . .။ ဇာတိဒုက္ခကို လျော့ပါးသက်သာစေတာ ကျောင်းအလှူတစ်ခုတည်း ရှိပါတယ်။

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က သံဃိကကျောင်းအလှူဟာ အနှိုင်းမဲ့ အလှူဖြစ်တယ်လို့ 'ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ' ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ သဒ္ဓါတရားရှိသူတိုင်း သံဃိကကျောင်းအလှူဆိုတဲ့ အနှိုင်းမဲ့ အလှူကို စွမ်းအားရှိသမျှ လှူဒါန်းနိုင်ကြပါစေလို့ ဆုမွန်

http://www.dhammadownload.com

## အနှိုင်းမဲ့အလှူ (၂)

ကောင်း တောင်းလိုက်ပါတယ် . . . ။ ။

အပ္ပမာဒေန သမ္ပာဒေထ။
အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

[ ပြင်သစ်နိုင်ငံ၊ ပါရီမြို့၊ မြန်မာဗုဒ္ဓဘာသာကျောင်းတော်ကြီး
ဖြစ်မြောက်ရေးသို့ အထူးအမှတ်တရ။ ]



http://www.dhammadownload.com

# ကျောင်းလှူသူသည်
# ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်

အရှင်ဘုရား .....

အရှင်ဘုရားတို့ ပြင်သစ်ကျောင်း ဖြစ်မြောက်ရေးအဖွဲ့ရဲ့ လက်ကမ်းဓမ္မဒါနစာစောင်တွေမှာ 'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်' ဆိုတဲ့ ဗုဒ္ဓစကားတော် အမြဲပါတာ တွေ့ရပါတယ်။ အဓိပ္ပာယ်ရှင်းပြပေးတော်မူပါဘုရား။ အရှင်ဘုရား ပြင်သစ်ကျောင်းဖြစ်မြောက်ရေးအဖွဲ့ရဲ့ နာယက ဆရာတော် တစ်ပါး ဖြစ်သွားပုံကိုလည်း သိချင်ပါတယ် ဘုရား။

**မောင်မင်းသူ၊ ပုဇွန်တောင်မြို့နယ်။**

http://www.dhammadownload.com

## ကျောင်းလှူသူသည်

ဒကာမင်းသူ . . .

'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာ အားလုံးကို လှူရာရောက်သည်' ဆိုတဲ့ ဗုဒ္ဓစကားတော်ရဲ့ မူလအစိပ္ပာယ်က နတ်သားတစ်ပါးရဲ့ မေးလျှောက်ချက်နဲ့ ဆက်စပ်နေပါတယ်။

နတ်သားတစ်ပါးက မြတ်စွာဘုရားရှင်ကို 'ဘာလှူသူသည် ခွန်အားကို လှူရာရောက်ပါသလဲ၊ ဘာလှူသူသည် အဆင်းကို လှူရာရောက်ပါသလဲ၊ ဘာလှူသူသည် ချမ်းသာခြင်းကို လှူရာရောက်ပါသလဲ၊ ဘာလှူသူသည် မျက်စိအမြင်ဓာတ်ကို လှူရာရောက်ပါသလဲ၊ ဘာလှူသူသည် ကောင်းကျိုးချမ်းသာအားလုံး (ရှေ့ကလေးမျိုးလုံး) ကို လှူရာရောက်ပါသလဲ' လို့ အလှူနဲ့ ပတ်သက်တဲ့ မေးခွန်း(၅) ခု မေးပါတယ်။

မြတ်စွာဘုရားရှင်က 'အစားအသောက်လှူသူသည် ခွန်အားကို လှူရာရောက်သည်၊ အဝတ်အထည်လှူသူသည် အဆင်းကို လှူရာရောက်သည်၊ ယာဉ်လှူသူသည် ချမ်းသာခြင်းကို လှူရာရောက်သည်၊ ဆီမီးလှူသူသည်

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

မျက်စိအမြင်ဓာတ်ကို လှူရာရောက်သည်၊ ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံး (ရှေ့လေးမျိုးလုံး) ကို လှူရာရောက်သည်’ လို့ ဖြေကြားတော်မူလိုက်ပါတယ်။

လူတစ်ယောက်ရဲ့ ခွန်အားပြည့်တင်းမှုကို အစားအသောက်က အဓိက ပြဋ္ဌာန်းပါတယ်။ အစားအသောက် မစားရရင် ခွန်အားချည့်နဲ့ပြီး အစားအသောက် စားရရင် ခွန်အားပြည့်ဝပါတယ်။ ဒါကြောင့် သူတစ်ပါးကို အစားအသောက် ပေးလှူလိုက်တာဟာ သူတစ်ပါးကို ခွန်အားပေးလှူလိုက်တာပါပဲ။

လူတစ်ယောက်ရဲ့ ရုပ်ဆင်းဥပဓိ လှပမှုကို အဝတ်အထည်က ထင်ထင်ရှားရှား အထောက်အကူပြုပါတယ်။ ‘လူမှာ အဝတ်၊ တောင်းမှာ အကွပ်’ ဆိုတဲ့အတိုင်း ဝတ်ကောင်းစားလှ ဝတ်ဆင်ထားရင် နဂိုမလှသူလည်း အထိုက်အလျောက်လှ၊ နဂိုလှပြီးသူလည်း အတိုင်းထက်အလွန် လှသွားပါတယ်။ ဒါ့ကြောင့် သူတစ်ပါးကို အဝတ်အထည် ပေးလှူလိုက်တာဟာ သူတစ်ပါးကို ရုပ်အဆင်းလှပခြင်း ပေးလှူလိုက်တာပါပဲ။

http://www.dhammadownload.com

## ကျောင်းလှူသူသည်

ခရီးလမ်းသွားနေသူတစ်ယောက်ရဲ့ ချမ်းသာခြင်းဟာ သူစီးတဲ့ယာဉ်အပေါ်မှာ အများကြီး မှီတည်နေပါတယ်။ ထီး၊ ဖိနပ် ယာဉ်ကအစ ကား၊ ရထား၊ လေယာဉ်ပျံ ယာဉ်အဆုံး ကိုယ်စီးရတဲ့၊ ကိုယ်အသုံးပြုရတဲ့ ယာဉ်အဆင့်အတန်းမြင့်လေလေ၊ ခရီးလမ်း သွားလာရတာ ချမ်းချမ်းသာသာရှိလေလေပါ။ ဒါ့ကြောင့် သူတစ်ပါးကို စီးစရာယာဉ် (ယာဉ်စီးခ၊ ယာဉ်ပေါ်ထိုင်စရာနေရာ စသည်) ပေးလှူလိုက်တာဟာ သူတစ်ပါးကို ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း ပေးလှူလိုက်တာပါပဲ။

လူတစ်ယောက်ရဲ့ အမြင်အာရုံ ကြည်လင်ပြတ်သားမှုကို အလင်းရောင်က ပဓာန ကျေးဇူးပြုပါတယ်။ ပင်ကိုမျက်စိအား ဘယ်လောက်ကောင်းကောင်း မှောင်နေရင် ဘာမှ မမြင်ရတော့ပါဘူး။ ဆီမီး၊ လျှပ်စစ်မီးစတဲ့ အလင်းရောင်တစ်ခုခု အကူအညီရမှ မြင်ရပါတယ်။ ဒါ့ကြောင့် သူတစ်ပါးကို ဆီမီး၊ လျှပ်စစ်မီး၊ လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင် စတဲ့ အလင်းပစ္စည်းပေးလှူလိုက်တာဟာ သူတစ်ပါးကို မျက်စိအမြင်ဓာတ် ပေးလှူလိုက်တာပါပဲ။

http://www.dhammadownload.com

## အရှင်ဆန္နာဓိက

လူတစ်ယောက်ဟာ အဆောက်အအုံ၊ အရိပ်အာဝါသ မရှိတဲ့ ဟင်းလင်းပြင်လွင်တီးခေါင်မှာ နေရရင် နေပူ၊ လေပူ၊ မှက်၊ ခြင် စတဲ့ ဘေးရန်တွေရဲ့ နှိပ်စက်မှုကြောင့် ခွန်အားလည်း ဆုတ်ယုတ်၊ ရုပ်အဆင်းလည်း ပျက်စီး၊ ကိုယ်စိတ်နှစ်ပါးလည်း ပင်ပန်းဆင်းရဲ၊ မျက်စိအမြင်ဓာတ်လည်း ဝေဝါးအားနည်း၊ အတော့်ကို ဒုက္ခရောက်ရပါတယ်။ အဆောက်အအုံတစ်ခုခု၊ အရိပ်အာဝါသတစ်ခုခုအောက် ဝင်ရောက် နားခိုလိုက်ရရင်တော့ ခွန်အားလည်း ပြည့်ဝ၊ ရုပ်အဆင်းလည်း ကြည်လင်၊ ကိုယ်စိတ်နှစ်ပါးလည်း ချမ်းသာ၊ မျက်စိအမြင်ဓာတ်လည်း အားကောင်း၊ အတော့်ကို ကောင်းကျိုးဖြစ်ထွန်းသွားပါတယ်။

ဒါ့ကြောင့် သူတစ်ပါးကို ဇရပ်၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊ သစ်ပင် စတဲ့ အဆောက်အအုံပေးလှူလိုက်တာဟာ သူတစ်ပါးကို ခွန်အား၊ အဆင်း၊ ချမ်းသာခြင်းနဲ့ မျက်စိအမြင်ဓာတ်ဆိုတဲ့ ကောင်းကျိုးလေးမျိုးလုံး ပေးလှူလိုက်တာပါပဲ။

နတ်သားက ကောင်းကျိုးလေးမျိုးကိုပဲ ရှေ့က

http://www.dhammadownload.com

## ကျောင်းလှူသူသည်

ခံမေးလို့ 'အဆောက်အအုံလှူသူသည် ကောင်းကျိုးအားလုံးကို လှူရာရောက်သည်' ဆိုတဲ့ စကားရပ်ထဲက 'ကောင်းကျိုးအားလုံး' ဆိုတာ နတ်သားမေးတဲ့ ကောင်းကျိုးလေးမျိုးကိုပဲ ဆိုလိုရာရောက်နေပေမယ့် တကယ်တမ်းကတော့ အဆောက်အအုံ လှူရင် ရှိရှိသမျှကောင်းကျိုးအားလုံး လှူရာရောက်ပါတယ်။

ဘာသာရေးနဲ့ ပတ်သက်တဲ့ အဆောက်အအုံ အလှူတွေအကြောင်း ပြောတဲ့အခါ 'အဆောက်အအုံ' ဆိုတာကို 'ကျောင်း' လို့ အတိအကျ အဓိပ္ပာယ်ဖော်ပြီး 'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်' လို့ သတ်သတ်မှတ်မှတ် ပြောကြပါတယ်။

အစားအသောက်ကြောင့် ရမယ့်ကောင်းကျိုး၊ အဝတ်အထည်ကြောင့် ရမယ့်ကောင်းကျိုး၊ ယာဉ်ရထားကြောင့် ရမယ့်ကောင်းကျိုး၊ မီးအလင်းရောင်ကြောင့် ရမယ့်ကောင်းကျိုး . . . စသည်ဖြင့် တခြား အရာဝတ္ထုတွေကြောင့် ရမယ့်ကောင်းကျိုးတွေ ကျောင်းတစ်ခုတည်းနဲ့ ရနိုင်တာကို ရည်ရွယ်ပြီး 'ကျောင်းလှူသူသည် ကောင်း

http://www.dhammadownload.com



ကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်’ လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တာပါ။

ဉာဏ်ချဲ့ထွင်ပြီး တစ်ဆင့်တက်ကြည့်လိုက်ရင် ‘ကျောင်းလှူသူသည် လှူဖွယ်ဝတ္ထုအားလုံးကို လှူရာရောက်သည်’ လို့လည်း ပြောနိုင်ပါတယ်။ ကျောင်းနေသံဃာတော်တွေ အလှူခံရရှိသမျှ ဆွမ်း၊ သင်္ကန်း စတဲ့ ပစ္စည်းဝတ္ထုအားလုံးဟာ ကျောင်းမှာနေတဲ့အတွက် ရတာဖြစ်လို့ ကျောင်းအလှူရှင်ဟာ ကျောင်းနေသံဃာတော်တွေကို တခြား ဒကာ ဒကာမတွေ လှူဒါန်းသမျှ ပစ္စည်းဝတ္ထုအားလုံးလည်း လှူဒါန်းရာ ရောက်ပါတယ်။

တစ်ဆင့်ထပ်တက်ရင် ‘ကျောင်းလှူသူသည် လှူဖွယ်ဝတ္ထုအားလုံးကို လှူဖြစ်သည်’ . . . ။ ကျောင်းအလှူရှင်ရဲ့ တာဝန်ဟာ ကျောင်းလှူပြီး-ပြီးရော၊ ပြီးသွားတာမျိုး မဟုတ်ဘဲ ကျောင်းနေသံဃာတော်တွေကို ဆွမ်း၊ သင်္ကန်း စတဲ့ လိုအပ်ရာရာပစ္စည်းဝတ္ထုတွေ အမြဲမပြတ် အရိပ်ကြည့် လှူဒါန်းနေရမှာဖြစ်လို့ ကျောင်းအလှူရှင်ဟာ ကျောင်းကို အကြောင်းပြုပြီး လှူဖွယ်ဝတ္ထုမျိုးစုံ လှူဖြစ်

http://www.dhammadownload.com



သွားပါတယ်။ ( ဒဒေယျ ဥဇုဘူတေသု၊ ဝိပ္ပသန္နေန စေတသာ။)

ဒီ့ထက် တစ်ဆင့်ထပ်တက်ရင် 'ကျောင်းလှူသူသည် ကုသိုလ်အားလုံးကို ပြုဖြစ်သည်' . . .။ ကိုယ်လှူထားတဲ့ကျောင်းကို မကြာမကြာ သွားပြီး တံမြက်စည်းလှည်းလိုက်၊ သောက်ရေသုံးရေ ဖြည့်လိုက်၊ သန့်ရှင်းရေးလုပ်လိုက်ဆိုတော့ ဝေယျာဝစ္စကုသိုလ်၊ တရားသွားနာတော့ ဓမ္မဿဝနကုသိုလ်၊ တရားသွားအားထုတ်တော့ သမထကုသိုလ်၊ ဝိပဿနာကုသိုလ်၊ ဝိပဿနာဉာဏ် ရင့်သန်ပြီး နိဗ္ဗာန်ကို လှမ်းမြင်တော့ မဂ်ကုသိုလ်၊ . . . . ကျောင်းအလှူကို အကြောင်းပြုပြီး ဒါနကုသိုလ်မျိုးစုံ အပြင် တခြားကုသိုလ်မျိုးစုံလည်း ပြုဖြစ်သွားပါတယ်။ အရဟတ္တမဂ်ကုသိုလ်အထိ ရသွားရင်တော့ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းသွားပါပြီ။ ( ယံ သော ဓမ္မံ ဣဓညာယ၊ ပရိနိဗ္ဗာတိ အနာသဝေါ။ )

ကျောင်းအလှူနဲ့ ပတ်သက်တဲ့ မြတ်စွာဘုရားရှင်ရဲ့ 'သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿ

http://www.dhammadownload.com



ယံ' ဆိုတဲ့ ပါဠိတော်ကို အခုလို အဓိပ္ပာယ်အဆင့်ဆင့် ကြည်ညိုကျင့်သုံးနိုင်ပါတယ်။

(၁) ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာ အားလုံးကို လှူရာ ရောက်သည်။

(၂) ကျောင်းလှူသူသည် လှူဖွယ်ဝတ္ထုအားလုံးကို လှူရာ ရောက်သည်။

(၃) ကျောင်းလှူသူသည် လှူဖွယ်ဝတ္ထုအားလုံးကို လှူဖြစ်သည်။

(၄) ကျောင်းလှူသူသည် ကုသိုလ်အားလုံးကို ပြုဖြစ်သည်။

'ကျောင်း' နဲ့ 'အားလုံး'၊ 'အားလုံး' နဲ့ 'ကျောင်း'၊ ကျောင်းအလှူဟာ အားလုံးအလှူ၊ ကျောင်းကုသိုလ်ဟာ အားလုံးကုသိုလ်၊ ကျောင်းအကျိုးဟာ အားလုံးအကျိုး၊ . . . ကျောင်းဆိုတာ အကြောင်းတရားအားလုံး၊ အကျိုးတရားအားလုံးရဲ့ ပင်မအခြေခံ ရေသောက်မြစ်ကြီးပါပဲ။ (ကျောင်းဆိုတာ 'နေရာ' ဖြစ်လို့ နေရာကောင်းတစ်ခုဆိုတာ အကြောင်းအားလုံး၊ အကျိုးအားလုံးရဲ့ မြစ်ဖျားခံ

http://www.dhammadownload.com



ရာ ပဓာနဗဟိုချက်မကြီးပါပဲ။)

မြတ်စွာဘုရားရှင်လက်ထက်တုန်းက ဗာရာဏသီမြို့ရဲ့ မြို့တံခါးတစ်ခုအနီးက ရွာတစ်ရွာမှာ 'မကြယ်စင်' ဆိုတဲ့ မိန်းကလေးတစ်ဦး ရှိခဲ့ဖူးပါတယ်။ အဲဒီ မြို့တံခါးကနေ မြို့ထဲဝင်ပြီး ဆွမ်းခံကြွကြတဲ့ ရဟန်းတော်တွေကို မကြယ်စင်က နေ့စဉ် ဝတ်မပျက် တစ်ပါး တစ်ဇွန်းကျ ဆွမ်းလောင်းလှူပါတယ်။

နေ့စဉ်ရက်ဆက် ဝတ်မပျက် လှူဒါန်းလာတဲ့အခါ ဒါနကောင်းမှုရဲ့ စိတ်အကျိုးပေးနဲ့ ဘဝအကျိုးပေး၊ အကျိုးပေးနှစ်မျိုး မကြယ်စင် လက်တွေ့ ခံစားလာရပါတယ်။ 'စိတ်အကျိုးပေး' အနေနဲ့ ပစ္စည်းဝတ္ထုတွေအပေါ်မှာ တွယ်တာတပ်မက်တဲ့စိတ် ကင်းပြတ်ပြီး စိတ်နှလုံးဖြူစင်သန့်ရှင်းလာပါတယ်။ တစ်ဖက်သားရဲ့ ကောင်းကျိုးကို လိုလားတဲ့ မေတ္တာဓာတ်တွေ အားကောင်းပြီး စိတ်နှလုံးအေးချမ်းမြင့်မြတ်လာပါတယ်။ မြင့်မြတ်တဲ့လုပ်ရပ်အပေါ်ကျေနပ်တဲ့စိတ်နဲ့ နှစ်သက်ရွှင်လန်းဝမ်းမြောက်ပြီး စိတ်နှလုံး ကြည်ငြိမ်းမွေ့လျော်လာပါတယ်။

http://www.dhammadownload.com

## အရှင်ဆန္နာစိက

'ဘ၀အကျိုးပေး' အနေနဲ့ လူချစ်လူခင် ပေါများခြင်း၊ ကောင်းသတင်းကျော်စောခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ လိုအင်ဆန္ဒ ပြည့်ဝခြင်း စတဲ့ ကောင်းကျိုးချမ်းသာ အဖြာဖြာနဲ့ ပြည့်စုံပြီး ဘ၀တောက်ပလာပါတယ်။

အဲဒီလို ဒါနကောင်းမှုရဲ့ စိတ်အကျိုးပေးနဲ့ ဘ၀အကျိုးပေးကို လက်တွေ့ခံစားလာရတဲ့အခါ မကြွယ်စင်ရဲ့ သန္တာန်မှာ သဒ္ဓါတရားတွေ တစ်နေ့တခြား တိုးပွားလာပါတယ်။ 'ပစ္စည်းအလှူအားလုံးထဲမှာ ကျောင်းအလှူဟာ အမြတ်ဆုံး' လို့ သိထားတဲ့အတွက် မကြွယ်စင် ကျောင်းဆောက်လှူဖို့ ဆုံးဖြတ်လိုက်ပါတယ်။

ဒါနနဲ့ပတ်သက်တဲ့ သဒ္ဓါတရားဟာ ကျောင်းအလှူကျမှ အထွတ်အထိပ် ရောက်ပါတယ်။ ဒါနရေးရာ သဒ္ဓါတရား အားကောင်းသူတိုင်း ကျောင်းဆောက်လှူဖူးကြသူချည်းပါပဲ။ ဟုတ်ပါတယ်၊ ဒါနသဒ္ဓါရဲ့ အဆင့်အမြင့်ဆုံးစံချိန်ကို ကျောင်းအလှူပေတံနဲ့ပဲ တိုင်းတာရတာပါ။ တစ်ဦးတည်းတတ်နိုင်ရင် တစ်ဦးတည်းကောင်းမှု ကျောင်းလှူတာ၊ တစ်ဦးတည်း မတတ်နိုင်ရင် စုပေါင်းကောင်းမှု

http://www.dhammadownload.com

## ကျောင်းလှူသူသည်

ကျောင်းမှာ တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းတာဟာ ဒါနရေးရာ သဒ္ဓါတရား အထွတ်အထိပ်ရောက်သူတွေရဲ့ အထင်ရှားဆုံး ပြယုဂ်လက္ခဏာပါပဲ။

ဒါနသဒ္ဓါ အထွတ်အထိပ်ရောက်နေတဲ့ မကြွယ်စင်လည်း ရှိသမျှအံ့ာနဲ့ ရွာထိပ်မှာ ဆွမ်းစားကျောင်း (ဆွမ်းစားဇရပ်)တစ်ဆောင် ဆောက်လုပ်လှူဒါန်းပါတယ်။ အဲဒီခေတ်က ရဟန်းတော်အများစုဟာ ဆွမ်းကို ကျောင်းထိသယ်မလာတော့ဘဲ ဆွမ်းခံအပြန်လမ်းက ရွာဦးရွာထိပ်တွေမှာရှိတဲ့ ဆွမ်းစားဇရပ်တွေမှာပဲ ဆွမ်းဘုဉ်းပေးတော်မူလေ့ရှိပါတယ်။

မကြွယ်စင်ဟာ ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းပြီးတဲ့အချိန်ကစလို့ နေ့စဉ် ကျောင်းသန့်ရှင်းရေးဝေယျာဝစ္စတွေပါ တိုးလုပ်လာရပါတယ်။ ကိုယ့်ဆွမ်းစားကျောင်းမှာ ဆွမ်းဝင်ဘုဉ်းကြမယ့် ရဟန်းတော်တွေအတွက် နေရာခင်းခြင်း၊ သောက်ရေသုံးရေဖြည့်ခြင်း၊ တံမြက်စည်းလှည်းခြင်း စတဲ့ ဝေယျာဝစ္စတွေ ပြုလုပ်တဲ့အပြင် ခါတိုင်းလို ဆွမ်းချည်းသက်သက် လှူတာမဟုတ်

http://www.dhammadownload.com



တော့ဘဲ အိမ်မှာ ချက်ပြုတ်ထားတဲ့ အသီးအရွက်ဟင်း၊ သားငါးဟင်း၊ အရည်သောက်ဟင်းနဲ့ မုန့်၊ သစ်သီးတွေပါ ရှိရင်ရှိသလို လှူဒါန်းဖြစ်သွားပါတယ်။

ရဟန်းတော်တွေက ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ အနုမောဒနာတရား ဟောကြားချီးမြှင့်ကြတဲ့အတွက် နေ့စဉ်နေ့တိုင်း တရားတွေလည်း နာဖြစ်၊ သရဏဂုံသုံးပါးနဲ့ ငါးပါးသီလလည်း ဆောက်တည်ဖြစ်၊ သမထ, ဝိပဿနာ ဘာဝနာတွေလည်း ပွားများဖြစ်နဲ့ ကုသိုလ်အသစ် အသစ်တွေ နေ့တိုင်း တိုးနေပါတော့တယ်။

သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို သီးခြားအချိန်ပေးပြီးလည်း အားထုတ်၊ ဆွမ်းချက်ပြုတ်ရင်း၊ ကျောင်းသန့်ရှင်းရင်း၊ အိမ်မှုလူမှုကိစ္စ လုပ်ရင်းလည်း အားထုတ်တဲ့အတွက် သိပ်မကြာခင်မှာပဲ မကြွယ်စင် သောတာပတ္တိမဂ်ကုသိုလ်ကြီးရပြီး သောတာပန် အရိယာ ဖြစ်သွားပါတယ်။

ဒါ့ကြောင့် 'ကျောင်းလှူရင် အားလုံးလှူဖြစ်တယ်၊ ကျောင်းလှူရင် ကုသိုလ်အားလုံး ပြုဖြစ်တယ်' လို့ ပြော

http://www.dhammadownload.com



တာပေါ့။ မကြယ်စင် ဝိပဿနာကုသိုလ်၊ မဂ်ကုသိုလ်တွေ အထိ ကုသိုလ်အရှိန် မြင့်သွားတာ ကျောင်းအလှူကြောင့် ပါ။

မကြယ်စင် သေလွန်တော့ တာဝတိံသာနတ်ပြည် က ကြီးကျယ်ခမ်းနားတဲ့ နတ်ဗိမာန်မှာ နတ်သမီးတစ် ထောင်အခြံအရံနဲ့ နတ်စည်းစိမ် ခံစားရပါတယ်။ သောက် ရှူးကြယ်ဟာ တခြားကြယ်တွေကို လွှမ်းမိုးပြီး တောက်ပ သလို နတ်သမီးလေး မကြယ်စင်ရဲ့ ကိုယ်ရောင် ကိုယ်ဝါ ဟာလည်း တခြားနတ်သမီးတွေကို လွှမ်းမိုးပြီး အရပ် ဆယ်မျက်နှာလုံးမှာ တောက်ပထွန်းလင်းနေပါတော့တယ်။

တခြား နတ်ဗိမာန်တွေထက် ပိုခမ်းနား၊ ပို တောက်ပတဲ့ မကြယ်စင်ရဲ့ ဗိမာန်ဆီ လာရောက်ပြီး မ ကြယ်စင်ရဲ့ ရေးကောင်းမှုကို အင်တာဗျူးလာလုပ်တဲ့ အရှင်မဟာမောဂ္ဂလ္လာန်ရဲ့ တရားဓမ္မကို ထပ်မံ နာကြားရ တဲ့ အခါ မကြယ်စင် သကဒါဂါမိမဂ်ကုသိုလ်ပါ ထပ်ရပြီး သကဒါဂါမ် အရိယာ ဖြစ်သွားပါတယ်။

'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာ အား

http://www.dhammadownload.com



လုံးကို လှူရာရောက်သည်’ ဆိုတဲ့နေရာမှာ . . . ကိုယ့်ကျောင်းမှာ သီတင်းသုံးရင်း တရားအားထုတ်လိုက်လို့ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ကောင်းကျိုးချမ်းသာရသွားတာဟာ အဓိက ကျေနပ်စရာပါပဲ။ ကိုယ့်ကျောင်းကို အသုံးပြုရင်း ရသွားတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဟာ ကိုယ်လှူလိုက်ရာရောက်တာမို့ ကိုယ့်အလှည့်ကျတော့လည်း မဂ်ဖိုလ်နိဗ္ဗာန်ကို အလွယ်တကူ ရမှာ မလွဲပါဘူး။

ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာ အားလုံးကို လှူရာ ရောက်သည်။ စိတ်နှလုံးအေးချမ်းမှု၊ ဘဝပြည့်စုံမှုနှင့်တကွ ဘဝလွတ်မြောက်မှု-မဂ်ဖိုလ်နိဗ္ဗာန်ကိုပါ လှူရာရောက်သည်။

ကဲ . . . ဒီလောက်ဆိုရင် ကျောင်းအလှူရဲ့ ကြီးကျယ်မြင့်မြတ်ပုံကို ဒကာမင်းသူ သဘောပေါက်လောက်ပါပြီ။ ပြင်သစ်ကျောင်းအကြောင်းလေး နည်းနည်း ပြောကြဦးစို့။

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလက ဦးဇင်း အင်-လန်ကို တရားဟောကြွရင်း ပြင်သစ်ကို ခေတ္တခဏ လေ့

http://www.dhammadownload.com



လာရေးခရီး ရောက်ခဲ့ပါတယ်။ တစ်ရက် နံနက် အရုဏ် ဆွမ်း ဘုဉ်းပေးနေတုန်း တည်းတဲ့ဟိုတယ်က စားပွဲထိုး သီရိလင်္ကာဒကာလေးတစ်ဦးက စကားစမြည် လာပြော ရင်း . . .

'နောက်တစ်ခေါက် အရှင်ဘုရား ပြင်သစ်ကြွရင် တပည့်တော်တို့ရဲ့ သီရိလင်္ကာဘုန်းကြီးကျောင်းမှာ တည်း ခိုနိုင်ပါတယ်'

လို့ ဖိတ်ခေါ်ပါတယ်။

'ကောင်းပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်၊ နောက်တစ်ခေါက်လာရင် တည်းဖို့ စဉ်းစားပါ့မယ်'

လို့ လူမှုရေးအရ နှုတ်ကအလိုက်အထိုက် ပြော လိုက်ရပေမယ့် စိတ်ထဲကတော့ . . .

'တစ်သက်လုံး မတည်းဘူး၊ ဘယ်တော့မှ မ တည်းဘူး၊ မြန်မာဘုန်းကြီးတစ်ပါးဖြစ်ပါလျက် သီရိလင်္ကာ ဘုန်းကြီးကျောင်းမှာ သွားတည်းရတယ် ဆိုတာ သိပ် အောက်ကျတယ်၊ အခုလောလောဆယ် ပြင်သစ်မှာ မြန် မာ ဘုန်းကြီးကျောင်း တစ်ကျောင်းမှ မရှိသေးပေမယ့်

http://www.dhammadownload.com



နောင်တစ်ချိန် ရှိကို ရှိလာစေရမယ်၊ အဲဒီအခါကျမှ မြန်မာဘုန်းကြီးကျောင်းမှာ မြန်မာဘုန်းကြီးတစ်ပါးအနေနဲ့ သိက္ခာရှိရှိ အားရပါးရ တည်းထည့်လိုက်မယ်'

လို့ နှလုံးသားတစ်ခုလုံး ပဲ့တင်ထပ်မျှ ကြုံးဝါးပစ်လိုက်ပါတယ်။

ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်ဟာ ကမ္ဘာ့အလှဆုံးမြို့တော်ကြီးပါ။ ဒုတိယကမ္ဘာစစ်တုန်းက ဟစ်တလာဟာ သူသိမ်းပိုက်တဲ့မြို့တွေကို မီးရှို့ဖျက်ဆီးပစ်ပေမယ့် ပါရီမြို့ကိုတော့ 'လှလွန်းလို့' ဆိုပြီး မီးမရှို့ဘဲ ချန်ထားခဲ့ပါတယ်။ အီဖဲယ်လ်မျှော်စင်ကြီးပေါ်ကနေ တစ်မြို့လုံးကို ပတ်ပတ်လည် ဆီးကြည့်လိုက်ရင် အောက်ကို ပြန်မဆင်းချင်တော့လောက်အောင်ကို ညှို့ငင်ဖမ်းစားနိုင်စွမ်းရှိတဲ့ မြို့တော်ကြီးပါ။

'ကမ္ဘာ့အလှဆုံးမြို့တော်ကြီးမှာ မြန်မာ့အလှဆုံး ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားနေရင် ဘယ်လောက်များ ကျက်သရေရှိလိုက်မလဲ၊ မြန်မာမှု အနုလက်ရာတွေနဲ့ မွမ်းမံထားတဲ့ ဗုဒ္ဓဘာသာ မြန်မာကျောင်းတော်

http://www.dhammadownload.com



ကြီး ငွားငွားစွင့်စွင့်၊ ကြွားကြွားလွင့်လွင့် ပေါ်ထွက်လာရင် ပါရီမြို့ကြီး အခုထက် ပိုလှသွားမှာ'

လို့ အီဖဲယ်လ်မျှော်စင်ထိပ်မှာ တစ်ကိုယ်တည်း စိတ်ကူးယဉ်ခဲ့ဖူးပါတယ်။

'လွတ်လပ်စွာ တွေးခေါ်သူ' လို့ နာမည်တပ်ထားတဲ့ ဘာသာမဲ့ဝါဒီတွေ အများဆုံး ရှင်သန်ရာ ပါရီမြို့တော်မှာ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး အမြန်ဆုံး ပေါ်ပေါက်စေချင်တဲ့စိတ် ထက်သန်နေတုန်းမှာပဲ . . . ၂၀၀၄ ခုနှစ်၊ သင်္ကြန်အပြီးလောက်မှာ ပြင်သစ်ဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရိက ပြင်သစ်မှာ မြန်မာကျောင်း တည်ဆောက်ဖို့ ကြိုးပမ်းအားထုတ်နေကြောင်း သတင်းတွေ၊ အလှူရှင်အသီးသီးက ပြင်သစ်ကျောင်းအတွက် စိတ်အားထက်သန်စွာ လှူဒါန်းနေကြကြောင်း သတင်းတွေ အလင်းတန်းဂျာနယ်မှာ အပတ်စဉ် ဖတ်ရှုလာရပါတယ်။

အလင်းတန်းဂျာနယ်ထဲက အလှူရှင်တွေရဲ့ ပြည်ပသာသနာပြု ရွှေပါရီသတင်းတွေကို ရွှေပါရမီကနေ

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

ဖတ်ရှုဝမ်းမြောက် သာဓုခေါ်ရင်း ၂၀၀၄ ခုနှစ်၊ ဇွန်လ (၂၄)ရက်နေ့၊ ဦးဇင်းရဲ့ သက်န်းသက် (သို့မဟုတ်) သာသနာသက် အနှစ်(၂၀)ပြည့်တဲ့နေ့မှာ ပြင်သစ်ကျောင်းအတွက် ဦးဇင်း ကျပ်(၁၀)သိန်း လှူဒါန်းနိုင်ခဲ့ပါတယ်။ သိပ်မကြာခင်ရက်ပိုင်းမှာ နောက်ထပ် ကျပ်(၁၀)သိန်း လှူဒါန်းနိုင်ခဲ့တဲ့အတွက် ဦးဇင်းရဲ့ သာသနာသက်အနှစ် (၂၀)ဟာ ပြင်သစ်ကျောင်းအတွက် အလှူတော်ငွေ ကျပ်သိန်း(၂၀)နဲ့ အထူးပဲ ပန်းရတင့်တယ်သွားခဲ့ပါတယ်။

ပြင်သစ်ကျောင်းအတွက် အလှူတော်ငွေ စတင်လှူဒါန်းတဲ့နေ့မှာပဲ ပြင်သစ်ဆရာတော်က ဦးဇင်းကိုလည်း ပြင်သစ်ကျောင်းဖြစ်မြောက်ရေးရဲ့ နာယကဆရာတော်တစ်ပါးအဖြစ် ရပ်တည်ပေးဖို့၊ ဦးဇင်းရဲ့ ရွှေပါရမီ ဒကာ ဒကာမတွေကိုလည်း ပြင်သစ်ကျောင်းဖြစ်မြောက်ရေးရဲ့ ဦးဆောင်ဒကာတွေအဖြစ် ပါဝင်လှုပ်ရှားပေးဖို့ မေတ္တာရပ်ခံတဲ့အတွက် ဦးဇင်းလည်း ပြင်သစ်ကျောင်းဖြစ်မြောက်ရေးရဲ့ နာယကဆရာတော်တစ်ပါး ဖြစ်လာ၊ ဦးဇင်းရဲ့ ရွှေပါရမီ ဒကာ ဒကာမတွေလည်း ပြင်သစ်ကျောင်း ဖြစ်

http://www.dhammadownload.com



မြောက်ရေးအဖွဲ့ရဲ့ ဦးဆောင်ဒကာတွေ ဖြစ်လာခဲ့ပါတယ်။

ဦးဇင်းအနေနဲ့ အထွေအထူး မလှုပ်ရှားရပေမယ့် ပြင်သစ်ဆရာတော်ရဲ့ တပည့် ဒကာ ဒကာမတွေနဲ့ ရွှေပါရမီ ဒကာ ဒကာမတွေ စုပေါင်းဖွဲ့စည်းထားတဲ့ ပြင်သစ်ကျောင်းဖြစ်မြောက်ရေးကော်မတီဝင်တွေကတော့ အတော့်ကို ပင်ပင်ပန်းပန်း လှုပ်ရှားကြရပါတယ်။ ငွေလည်းစိုက်၊ လူလည်းစိုက်၊ အချိန်လည်းစိုက် ဆိုပါတော့။

ဗဟန်းလမ်းမကြီးပေါ်က အဘိဓမ္မာအသင်း ဓမ္မာရုံမှာ ဖွင့်ထားတဲ့ ပြင်သစ်ကျောင်းဖြစ်မြောက်ရေး ရုံးခန်းမှာ ကော်မတီဝင်တွေ နေ့စဉ် အလှည့်ကျ ရုံးထိုင်ပြီး လာရောက်လှူဒါန်းသူတွေရဲ့ အလှူငွေတွေကို စနစ်တကျ လက်ခံပေးနေကြပါတယ်။ ကိုယ်တိုင်မလာရောက်နိုင်တဲ့ အိမ်၊ မလာရောက်နိုင်တဲ့ မြို့တွေကိုလည်း ကိုယ့်စရိတ်နဲ့ ကိုယ် အပင်ပန်းခံသွားရောက်ပြီး အလှူငွေလက်ခံပေးနေကြပါတယ်။ စီးပွားရေး၊ လူမှုရေးကိစ္စတွေကို အတိုင်းအတာတစ်ခုအထိ ပစ်ထားပြီး စိတ်ရောကိုယ်ပါ နှစ်မြှုပ်လုပ်ကိုင်နေကြတာပါ။

http://www.dhammadownload.com

## အရှင်ဆန္ဒာဓိက

ဟိုတစ်လောက သီရိလင်္ကာမှာ သာသနာပြုနေတဲ့ မိတ်ဆွေဆရာတော်တစ်ပါးဆီက သတင်းတစ်ခုရပါတယ်။ သူ့ဆီမှာ တရားအားထုတ်သွားတဲ့ ပြင်သစ်အမျိုးသားတစ်ဦးက 'ပြင်သစ်မှာ မြန်မာဘုန်းကြီးကျောင်း မရှိဘူးလား။ ရှိရင် မကြာမကြာသွားပြီး တရားအားထုတ်ချင်ပါတယ်' လို့ လျှောက်ထားပါသတဲ့။

ပြင်သစ်မှာသာ မြန်မာဘုန်းကြီးကျောင်းရှိသွားရင် ပြင်သစ်ကို ဗဟိုပြုပြီး ဥရောပတစ်ခွင် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားသွားနိုင်ပါတယ်။ ကိလေသာမီးလျှံကြားက စိတ်နှလုံးပူလောင်နေသူတွေ ဓမ္မရေစင်ကြောင့် စိတ်နှလုံး အေးချမ်းကြရပါလိမ့်မယ်။ ကံ၊ ကံရဲ့အကျိုးနဲ့ ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားနားလည်ပြီး အကုသိုလ်ရှောင်ရှား၊ ကုသိုလ်ဆောင်ပွားနိုင်ကြပါလိမ့်မယ်။ အဆင့်မြင့်တဲ့ စိတ်ကောင်းစိတ်မြတ်၊ ဓာတ်ကောင်းဓာတ်မြတ်တွေနဲ့ ရခဲတဲ့လူ့ဘဝကို တန်ဖိုးအရှိဆုံး အသုံးချနိုင်ကြပါလိမ့်မယ်။ သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို စနစ်တကျအားထုတ်ရင်း ပါရမီဓာတ်ခံ ရင့်သန်ပြီးသူတွေ မဂ်ဖိုလ်

http://www.dhammadownload.com



နိဗ္ဗာန် တရားထူး တရားမြတ်အထိ ရရှိနိုင်ကြပါလိမ့်မယ်။

တကယ်တော့ ပြင်သစ်မှာ ကျောင်းဆောက်တာဟာ ပြင်သစ်သူ၊ ပြင်သစ်သားများအတွက် ကုသိုလ်တရားတွေ၊ ပါရမီတရားတွေ၊ သူတော်ကောင်းတရားတွေ၊ မဂ်ဖိုလ်နိဗ္ဗာန်တရားတွေ လက်ဆောင်ပေးတာပါ။ တစ်နည်းအားဖြင့် ပြင်သစ်သူ၊ ပြင်သစ်သားများကို အသိဉာဏ်အလင်း ဝေငှတာပါ။ ထေရဝါဒ ဓမ္မအသိဉာဏ်အလင်း ဝေငှတာပါ။ အလင်းစေတမန်အလုပ် လုပ်တာပါ။

မြန်မာပြည်မှာ ဗုဒ္ဓသာသနာ စတင် ထွန်းကားလာတာ ပြည်ပသာသနာပြု ရဟန်းတော်တွေရဲ့ ကျေးဇူးကြောင့်ပါ။ အသောကမင်းကြီးရဲ့ အစီအစဉ်နဲ့ ကြွရောက်တော်မူလာကြတဲ့ ပြည်ပသာသနာပြု ရဟန်းတော်တွေရဲ့ ကျေးဇူးကြောင့် အိန္ဒိယကနေ မြန်မာပြည်ကို ဗုဒ္ဓသာသနာ ရောက်ရှိလာတာပါ။ အသောကမင်းကြီးနဲ့ အိန္ဒိယ ရဟန်းတော်တွေကသာ ပြည်ပသာသနာပြုလုပ်ငန်းကို လျစ်လျူရှုခဲ့ရင် မြန်မာပြည်ကို ဗုဒ္ဓသာသနာ ရောက်လာစရာအကြောင်း လုံးဝ မရှိပါဘူး။

http://www.dhammadownload.com



ဒါ့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများနဲ့ မြန်မာရဟန်းတော်များအနေနဲ့ ပြည်ပသာသနာပြုလုပ်ငန်းကို ကိုယ်ကိုယ်တိုင် စွမ်းနိုင်ရင် ကိုယ်ကိုယ်တိုင်လုပ်၊ ကိုယ်ကိုယ်တိုင် မစွမ်းနိုင်ရင် စွမ်းနိုင်လို့ လုပ်နေသူတွေကို အတတ်နိုင်ဆုံး အကူအညီပေးကြရပါမယ်။

ပြင်သစ်ဆရာတော်ကြီးက . . .

'ဘုန်းကြီးအတွက် ကျောင်းဆောက်တာ မဟုတ်ပါဘူး၊ သာသနာအတွက် ကျောင်းဆောက်တာပါ။ ပြင်သစ်မှာ သာသနာပြုစွမ်းနိုင်တဲ့ ရဟန်းတော်တစ်ပါး ပေါ်လာရင် အဲဒီရဟန်းတော်ကို ကျောင်းကြီးလွှဲအပ်ပြီး ဘုန်းကြီးက မြန်မာပြည်မှာ ပြန်နေမှာပါ။ အဲဒီလိုရဟန်းတော်ပေါ်လာအောင်လည်း ဘုန်းကြီးက ပြုစုပျိုးထောင်ပေးမှာပါ။ ဒီကျောင်းကြီးမှာ ဘုန်းကြီး တစ်သက်လုံးနေမှာ မဟုတ်ပါဘူး၊ ပွင့်ပွင့်လင်းလင်း အရှိအတိုင်းပြောရရင် အခုတောင် မြန်မာပြည်ကို အပြီးပြန်လာချင်နေတာပါ၊ ပြင်သစ်မှာ လုံးဝ မနေချင်ပါဘူး၊ သာသနာအတွက် မဖြစ်လွန်းလို့သာ'

လို့ မိန့်ကြားတော်မူတဲ့အတွက် သဒ္ဓါတရား ပို

http://www.dhammadownload.com

## ကျောင်းလှူသူသည်

ထက်သန်ရသလို ကိုယ်ချင်းစာစိတ်နဲ့လည်း သနားကရုဏာ ဖြစ်ရပါတယ်။ (ကိုယ်ကျိုးစွန့်၍ သာသနာပြုတော်မူကြသော အရှင်ကောင်း အရှင်မြတ်များကို ဦးထိပ်တင်ကာ ရှိခိုးပါ၏ဘုရား . . .။ )

အော် . . . ဒါနဲ့ . . . ဒကာမင်းသူ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်အောင်ပြောရရင် . . . ပြီးခဲ့တဲ့ ဇန်နဝါရီ(၉)ရက်၊ ဦးဇင်းရဲ့ (၃၇)နှစ်ပြည့် မွေးနေ့မှာ ပြင်သစ်ကျောင်းအတွက် တတိယအကြိမ် ကျပ်သိန်း (၁၀၀) ဦးဇင်းလှူဒါန်းလိုက်နိုင်တဲ့အတွက် ရွှေပါရမီကိုယ်တော်ရဲ့ ရွှေပါရမီအလှူငွေဟာ ကျပ်သိန်း (၁၂၀) ဖြစ်သွားပါပြီ . . . လို့ . . .။

အလင်းတန်းရဲ့ သတင်းကမ်းမှုကြောင့် လှူဒါန်းဖြစ်တာမို့ ပြင်သစ်ကျောင်းအကြောင်း ကျယ်ကျယ်ပြန့်ပြန့် စတင်ရေးသားခဲ့တဲ့ 'အလင်းတန်းဂျာနယ်' ကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိလျက်ပါ။ ။

သာသနာပြန့်နိုင်ကြပါစေ။

**အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)**

http://www.dhammadownload.com

# ရွှေပါရမီလက်ကမ်းစာစဉ်

ဤစာအုပ်နှင့် ဤစာအုပ်ကဲ့သို့သော

လက်ကမ်းစာအုပ်ငယ်များကို

ဓမ္မဒါန ပြုလုပ်လိုပါက

အောက်ပါလိပ်စာအတိုင်း

ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တက်လမ်းဆောက်လုပ်ရေးအဖွဲ့

အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း(အောက်)၊

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း – ၂၁၀၄၆၂၊ ၂၂၆၅၀၀။

[ပြင်ပစာအုပ်ဆိုင်များတွင် လုံးဝ ရောင်းချခွင့် မပြုပါ။]